
## ၅။ ဖူးစားပိုး

**Oriental tobacco budworm: *Helicoverpa assulta* (Guenée, 1852)**

**Lepidopetra: Noctuidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ကြီးရှေ့အတောင်ပံတွင်အညိုရောင်လိုင်းများပါရှိသည်။နောက်အတောင်ပံသည်အဝါရောင်ဖြစ်ပြီးအညိုရောင်အနားသတ်လိုင်းနှင့်အမှတ်ဖျော့ဖျော့ပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အပွင့်၊အသီးနှင့်အဖူးတို့အားဖျက်ဆီးသည်။အညှာအရင်းတွင်အပေါက်များတွေ့ရသည်။အရွယ်မတိုင်မီ/မရင့်မီအပွင့်နှင်အဖူးများကြွေကျစေသည်။အသီးအရောင်အဖြူရောင်သို့ပြောင်းသွားသည်။

**ဘဝစက်ဝန်း**

ဥအဆင့် -(၃-၅)ရက်

လောက်ကောင် အဆင့် (၁၉–၂၈)ရက်

ရုပ်ဖုံး အဆင့် –(၁၀–၁၅)ရက်

အကောင်ကြီး အဆင့် –(၉–၁၁)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) နွေထယ်ရေးခံပါ။

(၂) အတန်း (၅–၆) တန်းတိုင်း ပဲစဉ်းငုံနှင့်သီးညှပ်စိုက်ပါ။

(၃)ဖျက်ပိုးကျရောက်မှု့ သိရှိရန်နှင့် ဖလံဖမ်း ရန် တစ်ကေလျှင် အလင်း ရောင်ထောင် ချောက် (၁) ခုထောင်ပါ။

(၄) ဖျက်ပိုးကျရောက်မှု့ကို သိရှိရန်နှင့် ဖလံထီးများကို ထောင်ချောက်ဆင်ရန် တစ်ကေလျှင် ဖီရိုမုန်း ထောင်ချောက် (၂)ခုထောင်ပါ။

(၅) ထရိုင်ဂိုဂရားမားနဂျီ (*Trichogramma*) လွှတ်ပေးပါ။

(၆)ပင့်ကူများ၊ နှာတံရှည်နံ့ကောင်များ၊ ပုရွက်ဆိတ်များ၊ ပုဇင်းများ၊ လိပ်ခုံးကျိုင်းများ၊ ဇာတောင်ပိုး များကဲ့သို့သော ဇီဝထိန်းချုပ်ပိုးမွှားများကို ထိန်းသိမ်းပါ။

(၇)လိုအပ်ပါက ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda-Cyhalothrin)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)
- အင်ဒိုဇာကပ်(Indoxacarb)